**Burmese**

ကလေး အကာအကွယ်ပေးရေးနှင့် မိသားစု အထောက်အပံ့ ဌာန ဝက်ဘ်ဆိုက်မှ ကြိုဆိုပါ၏။

ဌာနသည် လူ့အသိုင်းအဝိုင်းကဏ္ဍ အဖွဲ့အစည်းများနှင့် အခြား အစိုးရ အဖွဲ့အစည်းများတို့နှင့်ပူးပေါင်းလုပ်ကိုင်၍ အနောက်သြစတြေးလျပြည်နယ်ရှိ တစ်ဦးချင်းပုဂ္ဂိုလ်များ၊ ကလေးများနှင့် ၎င်းတို့၏မိသားစုများအား များစွာသော ဝန်ဆောင်မှုတို့ကို ဆောင်ရွက်ပေးပါသည်။ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများတွင်- ဌာန အလုပ်အမှုဆောင် အရာရှိချုပ်၏ စောင့်ရှောက်မှုအောက်ရှိ ကလေးများနှင့် လူငယ်လူရွယ်များအတွက် အထောက်အပံ့ပေးအပ်ခြင်း၊ ကလေးများနှင့် လူငယ်လူရွယ်များကို မတော်မတရားပြုခြင်းနှင့်လျစ်လျူရှုခြင်းတို့မှ အကာအကွယ်ပေးခြင်း၊ နှင့် အန္တရာယ်ရှိစဉ်အတွင်း သို့မဟုတ် ပဋိပက္ခရှိစဉ်အတွင်း မိသားစုများနှင့်တစ်ဦးချင်းပုဂ္ဂိုလ်များအား သူတို့၏အသက်များနှင့် သူတို့နှင့် သူတို့၏မိသားစုကို ဘေးကင်းလုံခြုံအောင် အထောက်အပံ့ပေးခြင်း တို့ပါဝင်ပါသည်။

ဌာန၏ အမှုကိစ္စ လုပ်ထုံး လက်စွဲ [Case Practice Manual] ကို အခြားသော ဌာနဆိုင်ရာ ဖွဲ့စည်းမှုအခြေခံ စည်းမျဉ်းများ၊ မူဝါဒများနှင့် လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ လက်စွဲများတို့နှင့်အတူ ဤဝက်ဘ်ဆိုက်တွင် အများပြည်သူ အတွက် ရရှိနိုင်ပါသည်။

ဤဝက်ဘ်ဆိုက်တွင် ပါရှိသည့် အချက်အလက်များကို နားလည်ရန် အကယ်၍ သင့်တွင် အခက်အခဲရှိလျှင် ၎င်းပြင် သင့်အား ဘာသာပြန်ဆိုပေးရန်အတွက် တစ်စုံတစ်ဦးကို မရှာဖွေနိုင်လျှင် ကျေးဇူးပြု၍ သင်နှင့်အနီးဆုံး ဌာန၏ရုံးကို ဆက်သွယ်ပါ၊ ကျွန်ုပ်တို့အနေဖြင့် သင့်အတွက် တယ်လီဖုန်း စကားပြန်တစ်ဦးကို စီစဉ်ပေးနိုင်ပါသည်။

ကျွန်ုပ်တို့ ရုံးများ၏ စာရင်းတစ်ခုအတွက် ကျေးဇူးပြု၍ click here (1) ကို ကလစ်နှိပ်ပါ။ စကားပြန် ဝန်ဆောင်မှုများကို မည်သို့ရယူရန်နှင့်ပတ်သက်သည့် အချက်အလက်ပိုများအတွက် ကျေးဇူးပြု၍ click here(2) ကို ကလစ်နှိပ်ပါ။